# မြမှုန်လွင်

## နှစ်ပိုင်းတစ်ပိုင်း



# မြေမှု နိလား ရွှေမှု နိလား

## မင်းလူ

သူ့ကို စတင်တွေ့ ဖူးလိုက်စဉ်က စာပေရူးလေး တစ်ယောက် အ ဖြစ်သာ သဘောထားမိ၏ ။ နောက်ပိုင်း ရင်းနှီးလာတော့မှ ကျွန်တော် ထင်ထားတာထက် ပိုရူးတဲ့သူ ဖြစ်မှန်း သိရတော့သည်။ ကျွန်တော် ကရော ဘာထူးလို့လဲ။ တစ်ချိန်က စာရူးပေရူးကလေးဘဝကနေ ခုတော့ စာရူးပေရူးကြီး ဖြစ်လာတာပဲ မဟုတ်လား။

သူ့အစ်ကို (သားစိုး) အိမ်ကို လာလည်တော့ သူလည်းပါလာသည်။ ထိုစဉ်က သူ့အသက်မှာ (၁၈)နှစ် လောက်သာ ရှိလိမ့်ဦးမည် ထင်သည်။ စကားဝိုင်းထဲမှာ သူ မပါ။ ဘာမှ ဝင်မပြောဘဲ မျက်လုံး ကလေးကလယ်ကလယ်လုပ်ရင်း နားထောင်နေ၏ ။

သားစိုး ကတော့ ပါးစပ်ထဲမှာ ဘောင်ဘောင်သီးတွေ အပြည့်ထည့်၍ တစ်လုံးပြီးတစ်လုံး မှု တ်နေသလား အောက်မေ့ရသည်။ ပြောလိုက်သည့်စကား တစ်ဝိုင်းလုံး သူ့အသံချည်းပဲ။

အိမ်မှာ လည်း သူသာ တရစပ်ပြောနေပြီး မြေမှု နိလွင် ကတော့ နားထောင်သမားသက်သက် ဖြစ်ဟန်တူသည်။ သားစိုးက အစ်ကိုကြီးဆိုတော့ ပြို င်ပြောလို့လည်း မ ဖြစ်ဘူးလေ။ မြေမှု နိလွင်သည် စကားပြောခွင့်မသာသော ကြောင့် အတွေ းအခေါ်ဘက်ကို အားသန်သွားခြင်း ဖြစ်လိမ့်မည် ။ ထို စိတ်ကူး စိတ်သန်းများ ကို စာသားများ အ ဖြစ် ဖွင့်အန်ရေး ချရင်း စာရေး ဆရာ ဖြစ်လာဟန်တူသည်။

သားစိုး ကတော့ ပါးစပ်ကို အသုံးချရတာ အကျင့်ပါနေသော ကြောင့် အဆိုတော် ဖြစ်လာပုံရ သည်။ အဆိုတော် မှ ရိုးရိုးအဆိုတော် မဟုတ်။ စက္ကန့်အနည်းငယ်အတွင်း စကားလုံးများ စွာ ပွတ်သိပ် ထည့်ပြီးဆိုရသော ဟစ်ပ်ဟော့ပ်အဆိုတော် ။ သူ့စရိုက်နှင့် သူတော့ အံကိုက်ပဲ။

******

ဒီအမှာ စာကို ရေး သော အခါ သားစိုးအကြောင်းကို နည်းနည်း တော့ ရေး ရင်ကောင်းမယ်ထင် တယ်ဟု ကျွန်တော် က တိုင်ပင်သော အခါ မြေမှု နဲ့သွင်က ...

"ကောင်းတယ် ဗီလိန်ပါမှ မင်းသားက ရုပ်လုံးကြွလာမှာ ပေါ့"

ဟု သူ့အစ်ကိုကို ကွယ်ရာမှာ ဖွဲ့သည်။

သူ့မှာ ဟာသဓာတ်ခံရှိသည်။ ရယ်စရာနှင့် ပက်သက်ပြီး အကင်းပါးသည်။ နှစ်ကွက်ကျော်၊ သုံးကွက်ကျော် တွေ းရသော ဟာသမျိုး ကို ချက်ချင်း သဘောပေါက်သည်။ တုံ့ပြန်အရှုန်းဖောက် နိုင်သည်။

သူ့ကလောင်အမည် နှင့် ပတ်သက်ပြီး ...

"မြေမှု နဲ့လွင်ဆိုတာက ရှိုးလွန်းတယ်၊ ကလောင်နာမည် ပြောင်းသင့်တယ်"

လို့ အတည်ပေါက်နဲ့ပြောတော့ သူ မျက်နှာငယ်သွားပြီး ပြန်မေးသည်။

"သားစိုးထက်သာသွားအောင် သားမြတ်လို့ ပြောင်းလိုက်"

ဆိုတော့ သဘောကျပြီး ရယ်နေသည်။ ကျွန်တော် က ဆက်၍ ...

"ခင်ဗျားတို့ အဖေရော စာတွေ ဘာတွေ ရေး မယ်ဆိုရင် ပြောနော်၊ ကလောင်နာမည် လှလှ လေး ကျွန်တော် ရွေးပေးမယ်"

"ဘာတဲ့လဲ"

"လင်စိုး"

"အမေ ကတော့ ဒီနာမည် ကို သဘောတူမှာ ပဲ"

ဟု ပြုံး ၍ ပြောသည်။

သူက စာအုပ်ထုတ်ဝေရေး လုပ်ချင်သည်ဟု ပြောသည်။ ထုတ်ဝေသူ

တစ်ယောက် ထပ်တိုး လာမှာ ကို မကြိုဆိုမထောက်ခံတဲ့ စာရေး ဆရာရယ်လို့ ဘယ်ရှိပါ့မလဲ။ စာပေနယ်ထဲမှာ ထုတ်ဝေသူ တွေ များ လာလေလေ စာရေး ဆရာတွေ ခံရလေ။ (ဆောရီး) စာရေး ဆရာတွေ အလုပ်အကိုင် အခွင့် အလမ်းပေါလာလေ မဟုတ်လား။

ထို့ကြောင့် ကျွန်တော့် စာအုပ်အဟောင်းလေးတွေ ပြန်ထုတ်ခွင့်ပေးလိုက်သည်။ နောက်တော့ လုံးချင်းဝတ္ထုအသစ်တွေ ပါ သူ့အတွက် ရေး ပေး ဖြစ်သည်။ သူ စာအုပ်ထုတ်ဝေရေး လုပ်ငန်းလုပ်တာ အဆင်ပြေ၊ မပြေ ကိုက်၊ မကိုက်တော့ ကျွန်တော် လည်း မသိ။ သူ့အဖေရဲ့ ဆန်နီပစ်ကပ်ကားလေး ပိုပိုပြီး သံစုံမြည် လာတာတော့ သတိပြုမိ၏ ။

သားစိုးကလည်း သီချင်းစီးရီးခွေတွေ ထုတ်နေသည်။ ပြီးတော့ စိန်ပူစီဆိုလား မသိ။ အသံသွင်း စတူဒီယိုလည်း ထောင်ထားသေးသည်။ ကြည့်ရတာ တော့ သူတို့အဖေနဲ့ အမေဟာ သားနှစ် ယောက် အနက် ဘယ်သူက မိဘပိုက်ဆံကုန်အောင် ပိုဖြု န်းနိုင်သလဲဆိုတာ လောင်းကြေးစားကြေး လုပ်ထား တယ်လို့တောင် ခပ်ပေါက်ပေါက်တွေ းလိုက်မိသေးသည်။ တစ်ယောက် ယောက် က အနိုင်ရမှာ တော့ သေချာသည်။

အခုလည်း မြေမှု န်လွင်က သူ၏ ပထမဆုံးလုံးချင်းဝတ္ထုစာအုပ် ထုတ်ဖို့ ကြံစည်နေပြန်ပြီ။ တကယ်လို့များ ဒီစာအုပ် အောင်မြင်ပေါက်မြောက်သွားလျှင် …

“အဲဒါ ကိုယ့်ကောင်လေးပဲပေါ့၊ ဒီစာအုပ်ကို ထုတ် ဖြစ်အောင် ထုတ်ဖို့ ကိုယ်ပဲ အတင်း တိုက်တွန်းခဲ့တာလေ”

ဟု အချောင်ဝင်ပြီး မင်္ဂလာယူမည် ။ မတော် တဆ ဟက်တက်ကွဲလျှင်တော့ …

“ကျုပ် အတန်တန် သတိပေးခဲ့ရက်သားနဲ့ဗျာ”

ဆိုပြီး ကိုယ်နဲ့မဆိုင်သလို ခေါင်းရှောင်နေလိုက်မည် ။

(သဘောပေါက်ပါတယ်နော်)

******

သူရေး ထားသော ဝတ္ထုလေးတစ်ပုဒ်ကို လာပြသည်။ ညကျတော့ ကျွန်တော် ဖတ်ကြည့်ပြီး နောက် နည်းနည်း ဖြုံသွားသည်။ တပြိုင်နက်တည်းမှာ ထိတ်ခနဲ့လည်း ဖြစ်သွား၏ ။ ကလောင်ငယ် ကလောင်သစ်တို့၏ စူးစူးရှရှ စာတစ်ပုဒ်ကို ဖတ်ရတဲ့အခါတိုင်း ရင်ခုန်သံမြန်လာလေ့ရှိသည်။ ဒီလို ခံစားမှု မျိုး ကို စာရေး ဆရာအချင်းချင်းသာ နားလည်နိုင်သည်။ ထိုဝတ္ထုလေးသည် ကျွန်တော် တို့နှင့် ရင်ခုန်သံချင်းတူသော ဖူးငုံ (Teen) မဂ္ဂဇင်းမှာ ထည့်သွင်း ဖော်ပြခြင်းခံရသည်။ ‘သရဲရထား’ဆိုသော ဝတ္ထုဖြစ်၏ ။ ဒီလိုပဲ အကြို က်ချင်း ညီကြသော တခြားမဂ္ဂဇင်းအချို့ မှာ လည်း သူ့ဝတ္ထုလေးတွေ ပါလာ သည်။

သူ့ဝတ္ထုလေးတွေ က ရသအသစ်တစ်မျိုး ကို ပေးသည်။ သမားရိုးကျသရုပ်မှန်သမ္မုကွဲပြားခြား နားနေသည်။ သူ့ဝတ္ထုနှင့် ပတ်သက်၍ မော်ဒန် ပို့စ်မော်ဒန်၊ ဆာရီယယ်လစ်ဇင်၊ ပဥ္စလက်သရုပ်မှန် စသော တံဆိပ်တစ်ခုခုကို အသေကပ်မပေးချင်။ ဒါတွေ အားလုံးကို ‘ရောသမမွှေ’ထားတာ ဖြစ်ချင် ဖြစ် မည် ။ ဒါတွေ နဲ့ လုံးဝမတူကွဲပြားသော ပုံစံသစ်တစ်မျိုး ဖြစ်ချင်လည်း ဖြစ်မည် ။ တစ်မျိုး မျိုး ကို အခြေခံပြီး တစ်ဆင့်တက်ဖို့ ကြိုး စားတာလည်း ဖြစ်ချင် ဖြစ်မည် ။ ဘာပဲ ဖြစ် ဖြစ် သူသည် တစ်စုံတစ်ခုကို စမ်းသပ် တီထွင်နေတာတော့ သေချာသည်။

စွန့်စားချင်လျှင် အသက်ငယ်တုန်းမှာ လုပ်တာကောင်းသည်။ မှာ းသွားလျှင် ပြင်ဖို့အချိန် ရသည်။ ငယ်နစဉ်မှာ အရိုးကျိုး လျှင် ပြန်ဆက်ဖို့လွယ်သည်။ ခဏလေးနှင့် အနာကျက်သွားတတ် သည်။ နာလန်ထဖို့ မြန်သည်။ လူကြီးတွေ ကျတော့ ဒီလောက်မလွယ်။ သူတို့ ကျိုး တာက “ခေါက်ရိုး” ဖြစ်နေတာကိုး။

******

မြေမှု န်လွင် စာရေး နည်းသင်ဖို့ ကျွန်တော့် ဆီရောက်လာခြင်းမဟုတ်။ သူ

စာရေး တတ်ကြောင်း လာကြွားခြင်းသာ ဖြစ်၏ ။ တစ်နည်းအားဖြင့် သူကိုယ်တိုင် ကြံစည်ထားသော တီထွင်မှု တစ်ခုကို လာအကဲဖြတ်ခိုင်းခြင်းသာ ဖြစ်၏ ။ မော်တော်ကားတော့ ကောင်းကောင်းမောင်းတတ်နေပြီ။ လိုင်စင်သာ မရသေးတာဆိုသလိုမျိုး ပဲ။ ခက်တာက ကျွန်တော် က 'က.ည.န' မဟုတ်သဖြင့် လိုင်စင် တော့ ထုတ်မပေးနိုင်။ သူမောင်းလာသော ကားကို စိတ်ချလက်ချစီးရဲပြီ။ သူ့အနေဖြင့် ဒီစာအုပ်ကို ပရိတ်သတ်ရှေ့မှာ ချပြအစစ်ဆေးခံပြီး လိုင်စင်လျှောက်ဖို့သာ ရှိတော့သည်။

သူရေး ထားသော ဝတ္ထုစာမူတွေ ကို ကျွန်တော် က တစ်လုံးတစ်ပါဒမှ ပြင်မပေးရပါဘူးဆိုလျှင် မုသားတစ်ဝက်ပါနေလိမ့်မည် ။ ပြင်ပေးရတာ တွေ တော့ ရှိသည်။ ဘာတွေ လဲဆိုတော့ စာလုံးပေါင်း သတ်ပုံသာ ဖြစ်၏ ။

သူက စာလည်း ရေး တတ်နေပြီ။ မဂ္ဂဇင်းတချို့ မှာ ဝတ္ထုပါနေပြီ။ အယ်ဒီတာတွေ ကလည်း လက်ခံအသိအမှတ်ပြုထားပြီးပြီ။ သို့ တိုင်အောင် သူသည် ဝတ္ထုရေး ပြီးလျှင် ကျွန်တော့် ဆီ လာပြပြီး ဖတ်ခိုင်းမြဲ၊ အကဲဖြတ်ခိုင်းမြဲ။ ကြာတော့ ကျွန်တော် သည်းမခံနိုင်၊ စိတ်တိုလာပြီးလျှင် ...

"နောက်ကို ဝတ္ထုတွေ လာမဖတ်ခိုင်းနဲ့တော့၊ ကျုပ် စာပြင်ဆရာမ ဟုတ်ဘူး" ဟု ငေါက်လွှတ် လိုက်ရပါသည်။

မင်းလူ

# ဇာတ်လမ်းတစ်ပုဒ် ကွယ်လွန်ခြင်း

'ဝင်ရှ' ပဲလို့ စိတ်ထဲကနေ ညည်းလိုက်မိတယ်။

ကျွန်တော် အခုလုပ်နေတဲ့ အလုပ်ထက်ဆိုးတဲ့ အလုပ်မျိုး လောကမှာ ရှိတော့မယ်မထင်။ အလုပ်လုပ်တာ တစ်ပတ်၊ ဆယ်ရက်ပဲ ရှိသေးပေမယ့် တကယ့်ကို ပျင်းရိငြီးငွေ့စရာကြီးဗျာ။

ရေခဲထောခဲထောခန်းတတ်တဲ့ ကျွန်တော့်ကို အဆင်ပြေပါစေတော့ဆိုပြီး ကျွန်တော် သူငယ်ချင်း အယ်ဒီတာ တစ်ယောက် က ဒီအဘိုးကြီးဆီမှာ အလုပ်သွင်းပေးထားခြင်း ဖြစ်တယ်။

ဒီအဘိုးကြီးက တစ်ခေတ်တစ်ခါတုန်းက ဘာဆိုလားပဲဆိုတဲ့ စာရေး ဆရာကြီး တစ်ယောက် ။ နောက်ပိုင်းခေတ်တွေ ပြောင်းလာတဲ့အခါ အရင်တုန်းကလောက်တော့ နာမည် မရှိတော့ပေမဲ့ စာအုပ် ထုတ်ရင် မြတ်နေတုန်းပဲဆိုတဲ့ အဆင့်လောက်တော့ ရှိသေးသဖြင့် စာအုပ်တွေ ကြိုကြားကြိုကြား ပုံမှန်ထွက်နေတုန်းပင်။

ပြဿ နာက ဒီအဘိုးကြီး သန်တုန်းမြန်တုန်းက ဘယ်လောက်တောင် သော င်းကျန်းခဲ့သလဲ မသိဘူး။ အခုတော့ အကြောတွေ တုန်တုန်ယင်ယင် ဖြစ်ပြီး စာရေး လို့မရတော့ဘူး။ သူက ပါးစပ်က ခေါ်ပေးတာကို တစ်ယောက် က လက်နဲ့ လိုက်ကူရေး ပေးရတယ်။

အဲဒီ တစ်ယောက် ဆိုတဲ့ ရာထားကို ကျွန်တော် ထမ်းရွက်နေရတယ်။ အဲဒီ စာကူးတဲ့ အလုပ်ကို လက်ခံတုန်းက အဘိုးကြီးဟာ တစ်ခေတ်တစ်ခါက ဆင်ကလောင်ဆိုတော့ ကျွန်တော့်လို စာရေး ဖို့ မြေစမ်း ခရမ်းပျိုး နေတဲ့ ကောင်အတွက် ပညာတစ်ခုခုတော့ ရကောင်းပါရဲ့ ဆိုပြီး လက်ခံခဲ့တာ ဖြစ်တယ်။ တစ်မျက်နှာ ကူးရင် ငါးရာ၊ တစ်နေ့ဆယ်မျက်နှာဆိုရင် ငါးထောင်ရမယ်ဆိုတဲ့ မက်လုံးလေး လည်း ပါတာပေါ့လေ။

အခုတော့ ထင်ထားတာနဲ့ ဖြစ်နေတာနဲ့ တခြားစီ။ ဘာမှမဆိုင်။ ဒီအဘိုးကြီးရဲ့

စာအုပ်တွေ ကို ဘယ်လိုလူတွေ ဖတ်ကြသလဲတော့ မသိ။ စရေး နေတာ စာမျက်နှာခြောက်ဆယ်ရှိနေပြီ။ အခုထိ နိဒါန်းက မတက်သေး။ ဇာတ်လမ်းကသာ နိဒါန်းက မတက်သေးတာ စရေး ကတည်းက သူ့ ဇာတ်ကြီး ကို ဘာတွေ ဖြစ်မယ်မှန်း တွေ းကြည့်လို့ ရတယ်။ မဲပြာပုဆိုး ဇာတ်လမ်းကြီး။ စာဖတ်ပရိတ်သတ်တွေ တော့ ဘယ့်နှယ့်နေမှန်း မသိ။ လိုက်ကူးရေး နေရတဲ့ ကျွန်တော် ကတော့ ပါးစပ်မဖွင့်ဘဲ အကြိမ်ကြိမ် သမ်းနေမိတယ်။

"ကဲ ... ဒီနေ့တော့ ဒီလောက်ပါပဲကွာ၊ တော် ကြရောပေ့ါ"

အမလေး။ တန်ဖိုးရှိလိုက်တဲ့ စကား။ တစ်ညနေလုံး သူ့ပါးစပ်က ထွက်လာတဲ့စကားတွေ ထဲမှာ ကျွန်တော် အကြားချင်ဆုံးစကား။ ကျွန်တော် ရေး ထားတဲ့ စာရွက်တွေ ကို စီထပ်ပြီးရေလိုက်တယ်။

"၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉ ... ၉ မျက်နှာထွက်ပါတယ် ဆရာ"

တကယ်တော့ ဒီအဘိုးကြီးကို ဆရာတွေ ဘာတွေ မလုပ်ချင်။ ဒါပေမဲ့ သူတို့ခေတ်က လူကြီး တော် တော် များများ က သူ့တို့ကို ဆရာလို့ မခေါ်ရင် သိပ်သဘောမတွေ့ကြ။ ဦးလေးတို့၊ အကိုတို့ သွားခေါ်ရင် ခြေရာချင်းတိုင်းတာလား၊ ဘာလားပြောချင်ကြတယ်။ နောက်ဆုံးတော့လည်း ဆိုက်ကား နင်းတဲ့ ကောင်တွေ ကိုတောင် ဆရာလို့ ခေါ်ရသေးတာပဲလေလို့ သဘောပိုက်ပြီး သူတို့အကြိုက် လိုက်ပေးလိုက် ရတယ်။ ဘာအပန်းကြီးတာမှတ်လို့။

"မောင်ရင်က စနေ၊ တနင်္ဂနွေနားမယ်မဟုတ်လား၊ တနင်္လာနေ့မှ ဆက်ရေး ကြတာပေ့ါ၊ တနင်္လာနေ့တော့ ဆက်ဆက်လာနော်၊ ဇာတ်က အရှိန်တက်နေပြီ"

ခင်ဗျားပဲ အရှိန်တက်နေ၊ ဒီမှာ ငိုက်ရတာ နဲ့ သေတော့မယ်လို့ ပြောလိုက်ချင်ပေမယ့် ပါးစပ်က 'ဟုတ်'တစ်လုံးပဲ ထွက်သွားတယ်။ အဘိုးကြီးပေးတဲ့ လေးထောင့်ငါးရာကို အိတ်ထဲထည့်ပြီး အခန်းထဲ ကနေ မြန်မြန်ထွက်ခဲ့တယ်။

"ဟူး"

အပြင်ကိုရောက်မှ လေကို တစ်ဝကြီး အားရပါးရရှူပစ်လိုက်တယ်။ ဘယ်လို အဘိုးကြီးလည်း မသိဘူး။ သွားလည်း ပုံမှန်တိုက်ပုံမရ။ စာခေါ်ပေးတိုင်း သူ့ပါးစပ်က လှိုက်ခနဲ လှိုက်ခနဲနဲ့ ဝေ့တက် လာတဲ့ အာပုပ်နံ့ကို မခံနိုင်လို့ အသက်အောင့်ပြီး စာကူးရတာလည်း 'ဝဋ်'တစ်မျိုး ပဲ။

အေးစက်စက်လက်ကြီးနဲ့ မျက်နှာကို ဖျန်းခနဲ ဖျန်းခနဲရိုက်သလို လေအေးများ က ကျွန်တော့် မျက်နှာကို တဟူးဟူးနဲ့ တိုးဝှေ့နေတယ်။

မျက်နှာကလည်း အေး၊ ခြေထောက်အောက်က ကျောက်ပြားတွေ ကလည်း အေးနဲ့ ဖြစ်နိုင်ရင် ဘုရားရင်ပြင်တော် ပေါ်မှာ ချောင်တစ်ချောင်ရှာပြီး ကွေးနေချင်တယ်။ စဉ်းစားကြည့်လေ။ စနေနေ့က အိမ်ရှင်း၊ တစ်ပတ်စာ အဝတ်တွေ စုလျှော်နဲ့ တစ်နေကုန် အိမ်အလုပ်တွေ ပင်ပင်ပန်းပန်း လုပ်ခဲ့ရပြီးပြီ။ ညရောက်တော့လည်း ရေလာမယ့်အချိန်ကိုစောင့်ပြီး မော်တာမောင်းရသေးတယ်။ ကျွန်တော့် အခန်း က ငါးလွှာမှာ ဆိုတော့ တခြားအောက်ထပ်အခန်းတွေ ရေမတင်တော့မှသာ ကျွန်တော့် အခန်းကို ရေရောက်တယ်။ တိုင်ကီပြည့်လို့ နာရီကိုကြည့်လိုက်တော့ မနက်နှစ် နာရီပင် ထိုးလေပြီ။

ဒါတွေ ကို ငါးလေးက မသိ။

အပတ်စဉ်လုပ်နေကျဖြစ်တဲ့ ရွှေတိဂုံဘုရားရင်ပြင်တော် ပေါ်မှာ တံမြက်စည်းလှည်းဖို့ မနက် အစောကြီး ကျွန်တော့်ကို လာနှိုးတယ်။ အတင်းငွတ်ပေပြီး အိပ်နေလို့လည်းမရ။ မရမက နှိုးပြီး ခေါ်တော့လည်း မထချင်ထချင်နဲ့ လိုက်လာခဲ့ရတယ်။

အေးကလည်း အေး၊ အိပ်ကလည်း အိပ်ချင်နဲ့ ရင်ပြင်တော် ကြီးတစ်ခုလုံးကို တံမြက်စည်း လှည်းရတဲ့ ကိစ္စက တကယ့်မလွယ်ကြောပင်။ ငါးကလေး ကတော့ ကျွန်တော် နဲ့ တခြားစီ။

ကြည့်ပါဦး။ လက်နှစ် ဖက်လုံးမှာ တံမြက်စည်းတစ်လက်စီကိုင်လို့ တက်တက်ကြွကြွ လှည်းနေ လိုက်တာ။

မိန်းမတွေ ကလည်း ရောဂါ တစ်မျိုး ။ တနင်္ဂနွေတိုင်း ဘုရားသွားမယ်ဆိုရင်

သွားရမှ။ မသွားရရင် စိတ်ကောက်သေးတယ်။ တစ်ပတ်တလေ မသွားတော့ကော ဘာဖြစ်မှာ မို့လို့တုန်း။ ကျွန်တော် တို့ နှစ် ယောက် တံမြက်စည်းမလှည်းရုံနဲ့ ရွှေတိဂုံဘုရားကြီး ပေပွသွားမှာ မဟုတ်ကြောင်း အခုလို မနက် စောစောစီးစီး ချမ်းစိမ့်စိမ့်လေးကြားမှာ ချစ်သူလေးနဲ့ဖက်ပြီး နွေးနွေးထွေးထွေး ကွေးလိုက်ရရင် ဘယ်လောက် ဇိမ်ရှိလိုက်မယ် ဖြစ်ကြောင်း ဘာညာကွိကွ ကြွယ်ကြည့်ပါသေးတယ်။

ဒါပေမယ့် မရ။ သွားမယ်ဆိုမှ သွားမယ်ပဲ ဖြစ်နေတယ်။ အခုထက် အတွန့်တက်ရင်လည်း ရွှေစိတ်တော် ကောက်မှာ စိုးလို့ ထပ်မပြောရဲတော့။

တစ်ခါကလည်း တံမြက်စည်းလှည်းရင်း ပင်ပန်းလာတော့ စိတ်အချည်ပေါက်ကာ ...

"ရွှေတိဂုံဘုရားကို ပိုက်ဆံတွေ လှူထားတာ အများ ကြီးရှိတာပဲ ငါးလေးရာ၊ ဂေါပကလူကြီး တွေ သူတို့ဘာသာသူတို့ လူငှားပြီး လှည်းလိမ့်မှာ ပေါ့"

လို့ ပြောလိုက်မိရာ တစ်နေကုန် ကျွန်တော့် ကို စိတ်ကောက်ပါလေတော့တယ်။

ငါးကလေးက တနင်္လာနေ့ကနေ စနေနေ့အထိ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ရတယ်။ တနင်္ဂနွေ တစ်ရက်ပဲ လွတ်လွတ်ကျွတ်ကျွတ် တစ်နေကုန်တွေ ့ရတာ ဆိုတော့ အဲဒီ လို နေ့မျိုး ကို စိတ်ကောက် ရင်း ပြန်ချော့ရင်း အချိန်မကုန်ချင်။

နာရီဝက်လောက် တံမြက်စည်းလှည်းပြီးတော့ ငါးလေးရဲ့ မွေးနေ့ထောင့်မှာ ရေသပ္ပါယ်ပြီး ဘုရားရှိခိုးတဲ့ အချိန်ကို စောင့်ရသေးတယ်။ ဒီလောက်နဲ့လည်း မပြီးသေး။

အပြန်မှာ မြောက်ဘက်စောင်းတန်းဝက ဘီလူးမရုပ်ထုကို သွားပြီး ဒံပေါက်ထုပ် ဆက်ရသေး တယ်။ ငါးလေးက သူ့ကိုသူ ဘီလူးအဆက်လို့လဲ အမြဲပြောတတ်တယ်။

ကျွန်တော် ဆိုတဲ့ ကောင်ကလည်း ပါးစပ်က အငြိမ်မနေနိုင်။ ငါးကလေးရှေ့မှာ ဘီလူးအဆက် ဆိုတော့ 'ဘလက်အစုး'ပေါ့လို့ လွှတ်ခနဲ ထွက်သွားဖူးရာ သူ့ကို လှောင်ပါတယ်ဆိုပြီး စိတ်ကောက် သွားလို့ တစ်နေကုန် မနည်းပြန်ချော့ယူရဖူးတယ်။

ဒါကြောင့် အခု ကျွန်တော် ဘာမှမပြောရဲတော့။ ငါးလေးလုပ်သမျှကိုသာ စိတ်ရှည်လက်ရှည် စောင့်ပေးလိုက် တယ်။

အိမ်ပြန်ရောက်တော့ ငါးလေးက ထမင်းဟင်းချက်တယ်။ ကျွန်တော် ကတော့ ဘယ်လိုမှ ဟန်ဆောင်နေလို့မရ။ မနက်ကတည်းက မသိမ်းရသေးတဲ့ ခြင်ထောင်ထဲပြန်ဝင်ပြီး တစ်မှေးလောက် ပြန်မှေးလိုက်ရတယ်။

"ကို ... ထတော့လေ၊ ဒီမှာ အကုန်ဆင်သင့် ဖြစ်နေပြီ"

အိပ်နေတာ ဘယ်လောက်ကြာသွားသလဲမသိ။ ငါးကလေး လာနှိုးတော့မှသာ နိုးတော့တယ်။

"သွား ... ရေအရင်ချိုး ၊ ရေချိုး ပြီးမှ ထမင်းစား"

"မရတော့ဘူး ငါးလေးရာ၊ ကို အရမ်းဗိုက်ဆာနေပြီ၊ ထမင်းစားပြီးမှ ရေချိုး တော့မယ်နော်"

ကျွန်တော် ဗိုက်ကို ပွတ်ပြလိုက်ပြီး ငါးလေးကို ချွဲလိုက်တယ်။

"တွေ့လား၊ ဘယ်တော့မှ ပြောစကားနားမထောင်ဘူး၊ ထမင်းစားပြီးမှ ရေချိုး တော့မယ်နော်"

ကျွန်တော့် ဗိုက်ကို ပွတ်ပြလိုက်ပြီး ငါးလေးကို ချွဲလိုက်တယ်။

"တွေ့လား ဘယ်တော့မှပြောစကား နားမထောင်ဘူး၊ ထမင်းစားပြီးမှ ရေချိုး ရင် ကြည့်နေ၊ ဗိုက်ပူလာလိမ့်မယ်"

"ကောင်းတာပေါ့၊ ဗိုက်ကြီးပူလာတော့လဲ ကိုယ့်ကို ညတိုင်းဘီယာသောက်နိုင်တဲ့ ဗိုက်သူဌေး သားလို့ ထင်ကြလိမ့်မယ်၊ မဟုတ်ဘူးလား။ ကဲပါ ... ငါးလေးရယ်၊ တကယ်ဗိုက်ဆာနေလို့ပါ၊ လိမ္မာတယ်နော် သွားခူး"

ငါးလေးက မျက်စောင်းတစ်ချက်ထိုးပြီး မီးဖိုချောင်းက ထမင်းဟင်းတွေ ယူလာပေးတယ်။ ကျွန်တော် ကလည်း အလိုက်တသိ အိမ်ရှေ့မှာ စားပွဲဝိုင်းချပြီး

အဆင်သင့်ပြင်ထားပေးလိုက်တယ်။

“ရော့ … ဒါက ကိုယ့်အကြိုက်အမဲသားနှပ်၊ အကြာကြီး ရှယ်နှပ်ထားတာ၊ မြည်းကြည့်ဦး”

“အမလေး … ကျေးဇူးကို နိုင်းလောက်တင်တယ် ငါးလေးရေ တစ်ပတ်လုံး အသားငတ်ခဲ့သမျှ ဒီနေ့တော့ အတိုးချပြီး ဆွဲလိုက်ဦးမယ်”

တကယ်ပြောတာ။ တစ်ပတ်လုံး ဘဲဥပြုတ်လိုက်၊ ကြက်ဥကြော်လိုက်နဲ့ပဲ စခန်းသွားနေရတာ ။ အခုလို ငါးလေးချက်ပေးတော့မှသာ အူစိုရတာ ဖြစ်တယ်။

“ကို … ဟိုစာရေး ဆရာကြီးဆီမှာ စာကူးရေး ပေးနေရတဲ့ အလုပ်ကရော ဘယ်လိုလဲ”

ပါးစပ်ထဲထည့်ခါနီး ထမင်းလုတ်ကိုတောင် မထည့်နိုင်တော့ဘဲ ငါးလေးကို အလျင်အမြန် လက်ကာပြပြီး တားလိုက်ရတယ်။

“နေ … နေဦး ထမင်းစားပြီးမှ ပြောပြမယ်နော်၊ အဲဒီ အကြောင်းထပ်မမေးတော့နဲ့”

ငါးလေးက ကျွန်တော် ဘာ ဖြစ်သွားလဲဆိုတာ နားမလည်နိုင်သလို မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ကြည့်နေတယ်။ မတတ်နိုင်။ ဟိုစာရေး ဆရာကြီးလို့ ကြားလိုက်တာနဲ့ တပြိုင်နက် ကျွန်တော့် နှာခေါင်းထဲမှာ အာပုပ်နံ့များ အလိုလိုလှိုင်တက်လာတယ်။ ထမင်းစားရတာ တောင် မဖြောင့် တော့။ ဒါကြောင့် အဲဒီ ကိစ္စကို ထပ်မပြောရန် တားလိုက်ရတာ ဖြစ်တယ်။

ထမင်းစာပြီးတဲ့အခါ ရေမြန်မြန်ချိုး လိုက်တယ်။ မိုက်လေးသွားတဲ့အတွက် ပြန်ပြီး အိပ်ချင်လာ ပြန်တယ်။

“ကဲ … ထမင်းစားပြီးမှ ပြောမယ်ဆို ပြောပါဦး၊ ကို့အလုပ်အကြောင်းကို”

ငါးလေးက ရင်ခွင်ထဲကနေ ခေါင်းမော့ပြီး တိုးတိုးနုနုလေး မေးတယ်။

"ဒီလို ငါးလေးရဲ့"

မောင့်တော့်တဲ့ ငါးလေးရဲ့ မျက်နှာနားကို ကျွန်တော့် မျက်နှာတိုးကပ်လိုက်တယ်။ မျက်ဝန်းတစ်စုံ တို့ နီးကပ်သွားတယ်။ နှာခေါင်းနှစ် ခုတို့ ထိလုထိခင်။

ငါးလေးရဲ့ နှုတ်ခမ်းဖူးဖူးလေးကလည်း ငွားစွန့်လို့။

"သူ့ပါးစပ်နဲ့ ခေါ်ပေးတဲ့ ဝတ္ထုကို ကိုယ်ကလက်နဲ့ လိုက်ကူးရေး ပေးရတယ်၊ ပြဿ နာက အဘိုး ကြီးရဲ့ အာပုပ်နံ့ပဲ၊ ကြည့်ရတာ သွားတွေ ဘာတွေ လဲ တိုက်မယ့်ပုံ မပေါ်ပါဘူး၊ သူတစ်ခွန်းခေါ်လိုက် အာပုပ်နံ့က စူးခနဲ ထွက်လာလိုက်နဲ့ စဉ်းစားကြည့်လေ တစ်ပတ်လုံးဆိုတော့ အဲဒီ အနံ့ကြီးက နှာခေါင်းထဲမှာ စွဲနေရော၊ ခုန ငါးလေးက ထမင်းစားနေရင်းမေးတော့ သူ့အာပုပ်နံ့ကြီး အလိုလိုရလာပြီး ပျို့ တက်လာတာပေါ့၊ အဲဒါကြောင့် နောက်မှပြောမယ်လို့ ပြောတာ"

ကျွန်တော့် စကားတောင် မဆုံးလိုက်၊ ငါးလေးက တခစ်ခစ်နဲ့ရယ်နေတယ်။

"တကယ်ပြောတာ ငါးလေးရဲ့ ၊ ရယ်မနေနဲ့ နောက်ပြီး အံ့ထက်ဆိုးတာ ရှိသေးတယ်"

"အင်း ... ပြောပါဦး"

ငါးလေးက ကျွန်တော့် မျက်နှာနားက ခွာပြီး လက်နှစ် ဖက်ပေါ်မေးလေးတင်ကာ ကျွန်တော့် ကို အပေါ်က ကြည့်နေတယ်။

"အဲဒီ အဘိုးကြီးရေး တဲ့ ဇာတ်လမ်းကလဲ သီပေါမင်း ပါတော် မမူခင်က ဇာတ်လမ်းတွေ လိုမျိုး ရိုးအီဟာဖန်တစ်ရာတေနေပြီ၊ သူရေး နေတာအစပဲရှိသေးတယ် ဘယ်လိုဇာတ်သိမ်းမလဲဆိုတာ ကိုယ် က မှန်းလို့ရနေပြီ"

"ဘယ်လိုဇာတ်လမ်းမျိုး မို့လဲ ကိုရဲ့"

"အလကားပါကွာ၊ သူငယ်ချင်းသုံးယောက် ရဲ့ သုံးပွင့်ဆိုင်ဇာတ်ပါ၊ ယောကျ်ားနှစ် ယောက် မှာ တစ်ယောက် က စာတော် တယ်၊ နောက် တစ်ယောက် က ရပ်ကွက်ထဲမှာ

အပေအတော၊ ကောင်မလေးက နှစ် ယောက် စလုံးကို စိတ်ဝင်စားတယ်၊ ဒါပေမယ့် ဘယ်သူ့ကို ရွေးရမလဲ ဝေခွဲရခက် နေတယ်၊ အဲဒီ ကောင်နှစ် ကောင်ကလည်း မပွင့်တပွင့်နဲ့ သပွတ်အူပေါ့ကွာ၊ ပျင်းစရာကြီး”

“ဒါပေမဲ့ တစ်မျက်နှာကူးလိုက်တိုင်း ငါးရာတော့ ရတယ်မဟုတ်လား”

“ရတာ ကတော့ ရတာ ပေါ့ကွာ၊ တစ်ခုရှိတာက”

“ဘာတစ်ခုမှ ရှိမနေနဲ့၊ ပိုက်ဆံရပြီးတာပဲပေါ့၊ ဒါလေးလိုက်ရေး ရတာ ဘာအပန်းကြီးတာ မှတ်လို့”

“ဟုတ်ပါပြီ ... ဟုတ်ပါပြီ”

အခုအချိန်မှာ စာပေဆိုတာဘာ၊ ပိုက်ဆံဆိုတာဘာ၊ ပိုက်ဆံရတိုင်း အလေနတောစာတွေ လိုက်မကူးနိုင်ဘူးတို့ ဘာတို့ ငါးလေးကို ရှင်းမပြချင်တော့။

ဘာလို့လဲဆိုတော့ ...

အခုချိန်မှာ ခါး၊ ချဉ်၊ ငန်၊ စပ် စတဲ့ အရသာတွေ ကို မလိုချင်တော့။

ဘာလို့လဲဆိုတော့ ...

အချိုမြိန်ဆုံး သစ်တော် သီးကို တရွှမ်းရွှမ်းကိုက်စားတော့မယ်။

******

တနင်္လာနေ့ရောက်တဲ့အခါ ထုံးစံအတိုင်း စာကူးရေး ရန် အဘိုးကြီးအိမ်သို့ ထွက်လာခဲ့တယ်။

အဘိုးကြီး အိမ်ရှေ့ရောက်တော့ လူတွေ စုရုံးစုရုံး ဖြစ်နေတာ မြင်ရတယ်။ အများ စု ကတော့ ဆံဖြူသွားကျိုး အဘိုးကြီးများ သာ။ အလှူတွေ ဘာတွေ များ ရှိလို့လား

မသိ။ ဒါတော့ မ ဖြစ်နိုင်။ ကျွန်တော့် ကို တနင်္လာနေ့ ဆက်ဆက်လာဖို့ သေချာမှာ ထားတာပဲ။ အလှူတွေ ဘာတွေ ရှိရင် ဘယ်မှာ ပဲ့မလဲ။ ကျွန်တော် လည်း နဝေတိမ်တောင်နဲ့ အိမ်ထဲကို ဝင်သွားလိုက်တယ်။

ကျွန်တော့် ကို မြင်တာနဲ့ တပြိုင်နက် အဘိုးကြီးရဲ့ ညီမဆိုလား၊ တူမဆိုလားမသိ။ အဘိုးကြီးနဲ့ အတူနေတဲ့ မိန်းမကြီးက ကျွန်တော့် လက်ကို အတင်းဆွဲကိုင်ပြီး အော်ကြီးဟစ်ကျယ် ငိုပါလေတော့ တယ်။

"အမလေး ... အစ်ကိုကြီးရဲ့ ၊ ဟောဒီမှာ အစ်ကိုကြီးရဲ့ တပည့်ရောက်လာပြီလေ၊ စာထရေး ပါ ဦးလား အစ်ကိုကြီးရဲ့ "

ဒုက္ခ၊ ဘာတွေ ဖြစ်ကုန်ပါလိမ့်။

"ဆ ... ဆရာကြီး ဘာ ဖြစ်လို့လဲဟင်"

အဲဒီ လို မေးလိုက်တော့မှ ပိုဆိုးလာတယ်။ မိန်းမကြီးက ကျွန်တော့် လက်ကို လွှတ်ပြီး သူ့ရင် ဘတ်ကို တဒိုင်းဒိုင်းထုကာ ငိုနေပါတော့တယ်။

"မေးနေပြီ အစ်ကိုကြီးရေ ... ကျွန်မ ဘယ်လိုပြန်ဖြေရပါ့မလဲ၊ အစ်ကိုကြီး တပည့်ကို အစ်ကိုကြီးပဲ ဖြေပါတော့လား"

ကျွန်တော် လည်း ဘာမှထပ်မမေးရဲတော့။ ထပ်မေးလိုက်လို့ ဒီထက်ပိုဆိုးပြီး ငိုနေရင်းနဲ့ သတိ တွေ ဘာတွေ လစ်သွားရင် တရားခံ ဖြစ်နေဦးမယ်။ ဒါကြောင့် အဘိုးကြီးအခန်းထဲကိုပဲ ကိုယ့်ဘာသာကိုယ် ဝင်ကြည့်လိုက်တယ်။

ခုတင်ပေါ်မှာ ပိတ်ဖြူစလေး အုပ်ထားတဲ့ အဘိုးကြီးအလောင်းကို ဆန့်ဆန့်ကြီးတင်ထားတယ်။ ကုတင်ခေါင်းရင်းမှာ တော့ အဘိုးကြီးပုံကို ထောင်ထားပြီး အဲဒီ ဓာတ်ပုံရှေ့မှာ က အမွှေးတိုင်က အငွေ့တွေ တလူလူတက်နေတယ်။ အဘိုးကြီးရဲ့ ဦးခေါင်းဘေးပတ်လည်မှာ လည်း စံပယ်ပန်းတွေ ချထားသေးတယ်။

အလောင်းဘေးမှာ ကျွန်တော် တစ်ခါမှ မမြင်ဖူးတဲ့ မိန်းမသုံးယောက်

ထိုင်နေတယ်။ သုံးယောက် စလုံး တော် တော် ငိုထားပုံရတယ်။ မျက်လုံးတွေ နီရဲပြီး ဖောင်းအစ်နေတယ်။ ကျွန်တော် အခန်းထဲ ဝင်လာလာချင်း ကတော့ သုံးယောက် စလုံး ကျွန်တော့် ကို လှည့်ကြည့်ကြတယ်။ ပြီးတော့ ပြန်လှည့်သွားပြီး အဘိုးကြီးအလောင်းကိုသာ တွေ တွေ ကြီး ကြည့်နေကြပြန်တယ်။

သူတို့တွေ ကတော့ ဒီအခန်းထဲမှာ ဘယ်လိုလုပ်နေကြသလဲ မသိ။ ကျွန်တော့်မှာတော့ ဒီအခန်း ထဲ ရောက်တာဖြင့် ဘာမှမကြာသေး။ ခေါင်းတွေ မူးနောက်ပြီး အိလည်လည်ကြီး ဖြစ်လာတယ်။ စဉ်းစားကြည့်လေ။ အမွှေးတိုင်အနံ့ရော၊ ပန်းရနံ့တွေ ရော၊ ဟိုသုံးယောက် ဆီက ရေမွှေးနံ့တွေ ရော အကုန်ပေါင်းပြီး အခန်းထဲမှာ မွှန်ထူနေတယ်။ ဒီအခန်းထမြှာ ကြာကြာနေလို့တော့ ဘယ်လိုမှ မ ဖြစ်။

ဒါနဲ့ အခန်းထောင့်မှာ ရှိတဲ့ စာရေး စားပွဲပေါ်က ကျွန်တော် ကူးလက်စ စာအုပ်ကိုယူပြီး ကျောပိုး အိတ်ထဲ ထည့်လိုက်တယ်။ ပြီးတော့ အဘိုးကြီးအလောင်းကို တစ်ချက်ထပ်ကြည့်လိုက်တယ်။ ဟို သုံးယောက် ကတော့ တကယ့်စံပဲမို့ ။ ဒီလောက်မွှန်ထူနေတဲ့ အခန်းထဲမှာ သူတို့မို့ နေနိုင်ကြတယ်။

ခြံထဲကို ပြန်ထွက်လိုက်ပြီး တန်းစီချထားတဲ့ ပလတ်စတစ်ခုံတွေ မှာ ဝင်ထိုင်လိုက်တယ်။ ကျွန်တော့် မျက်နှာချင်းဆိုင်မှာ အဘိုးကြီး ငါးယောက် ထိုင်နေကြတယ်။ သူတို့မျက်နှာတွေ ကလည်း တော် တော် ထူးဆန်းတယ်။ စိတ်မကောင်းတဲ့ အရိပ်အယောင်တွေ လဲ သူတို့မျက်နှာမှာ မတွေ ့ရသလို ဝမ်းသာကြည်နူးနေကြတဲ့ ပုံမျိုး တွေ လည်း မဟုတ်ကြ။ သူတို့အားလုံးရဲ့ မျက်နှာတွေ မှာ ဘာခံစားချက်ကိုမှ ရှာဖွေလို့ မတွေ ့။ အားလုံးကလည်း တစ်ပုံစံတည်းတွေ ကွာစေ့တွေ တဖြောင်းဖြောင်းကိုက်ပြီး မျက်နှာသေကြီးတွေ နဲ့ ထိုင်နေကြတယ်။

ခုနက ကျွန်တော့် လက်ကို ကိုင်ပြီး ငိုနေတဲ့ မိန်းမကြီးကိုလည်း ရှာမတွေ ့တော့။ ဒီအိမ်မှာ ကျွန်တော် နဲ့ သိတာဆိုလို့ အဲဒီ မိန်းမကြီး တစ်ယောက် ပဲ ရှိတာ။ ကျန်တဲ့လူတွေ တစ်ယောက် နဲ့မှ ကျွန်တော် မသိ။ ဒါ့အပြင် လူတွေ ကလည်း တစ်ယောက် နဲ့ တစ်ယောက် စကား မပြောကြ။ တစ်အိမ် လုံး တိတ်ဆိတ်ပြီး အသုဘအိမ်ဆိုတဲ့ ခက်ဆစ်ကို

အထိရောက်ဆုံး ဖွင့်ဆိုနေသယောင်။

အဲဒီ အချိန်မှာ ပဲ အိမ်ရှေ့ကို ဆလွန်းကား အဖြူလေးရောက်လာတယ်။ ကားထဲကနေ မိုက်ရွှဲရွှဲနဲ့ လူကြီး တစ်ယောက် နဲ့ တစ်ကိုယ်လုံး နေရာမလပ် ရွှေအပြည့်အသိပ်ဝတ်ထားတဲ့ မိန်းမ တစ်ယောက် တို့ ထွက်လာကြတယ်။ ထိုလင်မယား အိမ်ထဲဝင်သွားပြီး သိပ်မကြာလိုက်။ အိမ်ထဲက ကျွန်တော် နဲ့ သိတဲ့ မိန်းမကြီးရဲ့ ငိုသံထပ်ထွက်လာတယ်။ တစ်အိမ်လုံး တိတ်ဆိတ်နေတော့ အဲဒီ မိန်းမကြီးရဲ့ ငိုသံကို အတိုင်းသား ကြားနေရတယ်။

အဲဒီ မိန်းမကြီး ငိုပုံကလည်း ထူးဆန်းတယ်။ ကျွန်တော့် ကို တွေ့တုန်းက ငိုပုံနဲ့ အခုငိုနေပုံနဲ့ စာသားတွေ အတူတူပင်။

“အမလေး ... အစ်ကိုကြီးရဲ့ ထကြည့်ပါဦး၊ ဟောဒီမှာ အစ်ကိုကြီးရဲ့ ထုတ်ဝေသူကြီး ရောက်လာပြီလေ၊ ထပြီး စရံငွေလေး ယူပါဦးလား အစ်ကိုကြီးရဲ့ ”

မတူတာဆိုလို့ ထုတ်ဝေသူဆိုတာရယ် စရံငွေယူပါဦးဆိုတာရယ်ပဲ ကွာတယ်။ ဟော ... ဟော မပြီးသေးဘူး ထုတ်ဝေသူ လင်မယားက ကျွန်တော့် လိုပဲ တစ်ခုခုမေးလိုက်ပုံရတယ်။ ထိုမိန်းမကြီးရဲ့ ငိုသံ ထပ်ထွက်လာတယ်။

“မေးနေပြီ အစ်ကိုကြီးရေ ... ကျွန်မ ဘယ်လိုဖြေရပါ့မလဲ၊ အစ်ကိုကြီး ကျေးဇူးရှင်တွေ ကို အစ်ကိုကြီးပဲ ဖြေပါတော့လား”

အောင်မယ် ... ငါ့တုန်း ကတော့ တပည့်တဲ့။ ထုတ်ဝေသူကျတော့ ကျေးဇူးရှင်တဲ့။ တော် တော် တရားကြပါပေ့။ အဲဒီ မိန်းမကြီးကို မကျေမနပ်စိတ်ထဲကနေ မေတ္တာပို့လိုက်မိတယ်။

ကျွန်တော့် ရှေ့ကို ပြန်ကြည့်လိုက်တော့ ဟိုအဘိုးကြီးတွေ ပုံမပျက်ထိုင်နေကြတုန်းပင်။ လှုပ်ရှားမှု မရှိ။ ကွာစိတောင် မဝါးကြတော့။ မျက်နှာသေကြီးနဲ့ ထိုင်နေကြတုန်းပင်။

ကိုယ်နဲ့လည်း ဘယ်သူမှ မသိတဲ့ အသုဘအိမ်မှာ ထိုင်နေရတာ ကြောင်စီစီနိုင်လှသဖြင့် ဘယ်သူ့ကိုမှ နှုတ်ဆက်မနေတော့ဘဲ ခြံထဲက ထွက်လာခဲ့တယ်။

အိမ်ပြန်ရောက်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ အခုချိန်က အမှန်တကယ်ဆိုရင် ဟို အဘိုးကြီးရဲ့ အာပုပ်နံ့ တလှိုင်လှိုင်ကြားမှာ စာတွေ လိုက်ကူးပေးနေရမှာ မဟုတ်လား။

အခုတော့ အဘိုးကြီးလည်း သွားရှာပြီ။ ကျွန်တော် လည်း ဒုံရင်း ဒုံရင်းအတိုင်း အလုပ်လက်မဲ့ ပြန် ဖြစ်သွားရပြီ။ အလုပ်ဆိုမှ ကျွန်တော် ကူးလက်စ စာအုပ်ကို သတိရသွားတယ်။ ကျောပိုးအိတ်ထဲက ထုတ်ပြီး နောက်ဆုံးရေး ထားတဲ့ စာမျက်နှာကို ဖတ်ကြည့်လိုက်တော့ ...

“ဧကရီ တစ်ယောက် ဆုံးဖြတ်ရခက်ကာ မွေ့ရာပေါ်တွင် လူးလိမ့်နေ၏ ။ သူမ၏ ငယ်သူငယ် ချင်းနှစ် ယောက် ဖြစ်သည့် မင်းသွေးနှင့် အောင်လကျ်ာတို့က တိုက်တိုက်ဆိုင်ဆိုင် တစ်ရက်တည်း တစ်ချိန်တည်း ချိန်းဆိုမှု ပြုလိုက်သည်။ မင်းသွေးက သူမကို အရင်ချိန်းသည်မှန်သော် လည်း အောင်လကျ်ာသည် အိမ်သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ အမေ့ထံတွင် တရားဝင်ချိန်းဆို ထားခြင်း ဖြစ်သည်။ အမေကလည်း ဆရာဝန်လောင်း အောင်လကျ်ာနှင့် ဆိုလျှင် စိတ်ချသည်။ လိုလို လားလား ခွင့်ပြုသည်။ သူငယ်ချင်းခြင်းအတူတူ မင်းသွေးနှင့် ဆိုလျှင် အိမ်ကလူကြီးများ က သိပ် သဘောမတွေ့ကြ။ မင်းသွေးကလည်း မင်းသွေးပင်။ ဆယ်တန်းတောင် အောင်မြင်အောင် မဖြေနိုင်။ ရပ်ကွက်ထဲမှာ အပေါင်းအသင်းများ နှင့် လတ်လျားလတ်လျား အချိန်ဖြုန်းသည်။ ထိုအခါ လူကြီး သူမများ ၏ အမြင်စောင်းခြင်းကို အပစ်မတင်သင့်တော့ပေ။

အခုချိန်မှာ တော့ ဧကရီအတွက် ပြတ်သားသည့်ဆုံးဖြတ်ချက်တစ်ခု လိုအပ်နေလေပြီ။ အောင်လကျ်ာထံသွားမည် လော။ မင်းသွေးထံသို့ သွားမည် လော။ မင်းသွေးကိုတော့ သနားမိသည်။ သို့သော် အောင်လကျ်ာနှင့် ချိန်းဆိုထားပြီးမှ မင်းသွေးနှင့် သွားတွေ့သည်ဆိုလျှင် မိုးမီးလောင်မည် မှာ အမှန်ပင်။ နဂိုကတည်းက မင်းသွေးဆိုလျှင် အမေက တစ်စက်ကလေးမျှကြည့်မရ။ မထူးပါဘူးလေ။ အောင်လကျ်ာနှင့် သာ သွားတွေ

့တာကောင်းပါတယ်ဟု ဆုံးဖြတ်ချက်ချကာ အဝတ်အစားလဲ၍ အလှပြင်လိုက်၏ ။”

အဘိုးကြီးနေရာမှာ ကျွန်တော် သာဆိုရင် ဒီဝတ္ထုစာအုပ်ရဲ့ အဖွင့်ကို အခုအခန်းလေးနဲ့ပဲ ဖွင့် ဖြစ်မှာ ။ ဒီအခန်းလေးက မဆိုးဘူး။ စိတ်ဝင်စားဖို့ကောင်းတယ်။ သူငယ်ချင်းသုံးယောက် ရဲ့ အခြေအနေကို တစ်မျက်နှာတည်းမှာ ပေါ်လွင်တယ်။ ရှေ့မှာ ရေးထားသမျှစာမျက်နှာတွေ ကတော့ နှမြောစရာကြီးပဲ။ မလိုအပ်ဘဲ သူတို့သူငယ်ချင်းသုံးယောက် ရဲ့ ငယ်ဘဝကို ဋီကာချဲ့ပြနေလိုက်တာ စာမျက်နှာငါးဆယ်ကျော်သွားတယ်။ ပျင်းစရာကြီး။

နောက်ထပ်ကျွန်တော် သတိထားမိတာက ဒီအဘိုးကြီးရဲ့ ဝတ္ထုထဲမှာ ဧကရီရဲ့ နာမ်စားကို ‘သူမ’လို့ ရေး ထားတာ တွေ ့ရတယ်။ တစ်ခါတုန်းက ကျွန်တော့် ဝတ္ထုတစ်ပုဒ်မှာလည်း အခုလိုပဲ ကောင်မလေး တစ်ယောက် ရဲ့ နာမ်စားကို ‘သူမ’လို့ သုံးပြီး မဂ္ဂဇင်းတစ်စောင်ကို ပို့ဖူးတယ်။ မဂ္ဂဇင်း နာမည် တော့ မပြောချင်တော့ပါဘူး။ ဒါပေမဲ့ အဲဒီတိုက်က အယ်ဒီတာက ပယ်တော် မူပါသတဲ့။ ဘာ ဖြစ်လို့လဲဆိုတော့ မြန်မာစာမှာ ‘သူမ’ဆိုတာ မရှိဘူးတဲ့လေ၊ ‘သူ’ပဲ ရှိပါသတဲ့။ ဒီအဘိုးကြီး ဝတ္ထုကို လည်း အဲဒီ မဂ္ဂဇင်းတိုက်ကို ပို့လိုက်ရင် ဘယ်လိုလုပ်ကြမလဲ မသိ။ သေချာတာ ကတော့ ဒီအဘိုးကြီးလို မျိုး ဆင်ကလောင်ကြီးတွေ ကိုတော့ ပယ်ရဲကြမှာ မဟုတ်။ ရယ်ရတယ်။ အလကား အယ်ဒီတာတွေ ။

“ရုပ်ရှင်ရုံထဲရောက်သွားကြသည့်အခါ နှစ် ဦးစလုံးရင်တွေ တဒိန်းဒိန်းခုန်နေကြ၏ ။ ရုပ်ရှင်ထဲသို့ အာရုံအပြည့်အဝမစိုက်နိုင်။ အောင်လက်ျာစိတ်ထဲတွင် ဧကရီ၏ လက်ကလေးကို ဖွဖွလေးဆုပ်ကိုင် လိုက်ရလျှင် ကောင်းမည် လား စဉ်းစားလိုက် တကယ့်တကယ်တမ်းကျတော့လည်း မကိုင်ရဲလိုက်နှင့် အေးစိမ့်နေသော ရုပ်ရှင်ရုံထဲတွင် တစ်ယောက် ထဲ ချွေးပျံနေလေ၏ ။

ဧကရီကျတော့ တစ်မျိုး ၊ အောင်လက်ျာက သူမ၏ လက်ကို လာကိုင်လျှင် ရုန်းလိုက်ရ မည် လော။ လက်မဟုတ်ဘဲ ပခုံးကို လာဖက်လျှင်ကော မည် သို့ လုပ်ရမည် နည်း။ အို ... အောင်လက်ျာဆိုတာ ငယ်သူငယ်ချင်းပဲ အခွင့်အရေး ယူတတ်တဲ့ လူစားမျိုး မှ မဟုတ်တာဟု စိတ်ဖြေကာ ရုပ်ရှင်ထဲသို့ အာရုံပြန်စိုက်၍ ကြည့်နေသည်။ သို့ သော် မည် သို့

မျှ အာရုံစူးစိုက်၍ မရ။ အောင်လကျ်ာဘက်မှ မည် သို့ စတင်လှုပ်ရှားလာလေမည်နည်းဆိုတာကို သတိထားစောင့်ကြည့်နေ မိ၏ ”

ပျင်းစရာကောင်းတယ်ဆိုတာ အဲဒါမျိုး တွေ ကိုပြောတာ။ အခုလို ရုပ်ရှင်ရုံထဲမှာ နစ် ယောက် သား တစ်ယောက် နဲ့ တစ်ယောက် အကဲဖြတ်နေတဲ့ စိတ်ခံစားချက်တွေ ကိုချည်း ရေး ထားတာ စာမျက်နှာ ငါးမျက်နှာလောက်ရှိတယ်။ အခုခေတ်စာဖတ်ပရိသတ်တွေ က အဲဒီလောက်ကြီး အချိန်ပေး ပြီး ဖတ်ချင်စိတ်မရှိကြတော့ဘူး။ ခေတ်ကြီးကိုက ရှုး ရှဲဗျူး ဗျဲခေတ်ကြီးဆိုတော့ ဝတ္ထုတွေ ဆိုလဲ ဖွဲ့ဖွဲ့ နွဲ့နွဲ့တွေ လုပ်နေရင် လက်မခံချင်ကြတော့။ ဒါကြောင့် အဘိုးကြီးရဲ့ ဝတ္ထုတွေ စောင်ရေကျကုန်တာ ဖြစ်မယ်။

ဒီဝတ္ထုအစပိုင်းမှာ လည်း ခုနကလို ရွာတန်းရှည်စာပိုက်တွေ က အများကြီးပါသေးတယ်။ တစ်ခါက ဇာကရီကို လိုက်နှောင့်ယှက်နေတဲ့ ကောင်တစ်စုနဲ့ မင်းသွေးတို့ ဖိုက်တင်ပလေးကြရော။ အများ နှင့် တစ်ယောက် ဆိုတော့ မင်းသွေးခံရတာ ပေါ့။ ညဘက်ရောက်တော့ မင်းသွေးရဲ့ ဒဏ်ရာတွေ ကို မြင်ယောင်ပြီး ဇာကရီ တစ်ယောက် တည်း အခန်းထဲမှာ ငိုတဲ့အကြောင်းကိုလည်း ရှည်လျားထွေပြား ရေး ခဲ့သေးသည်။ ဘာတဲ့ ...

“ပြာလဲ့နေသည့် ကောင်းကင်ကြီးကို နောက်ခံထားကာ အတွေးရေယာဉ်ကြောသို့ လွင့်မျော၍ အလွမ်းတိမ်တောင်များ နှင့် ပွတ်သပ်ပြီး မျက်ရည်တို့တွဲလွဲခိုကာ ခံစားချက်မိုးတွေ ရွာသွန်းဖြိုး ကုန်၏ ”

တကယ့်ဟာသပဲ။ ဘာတွေ ရေး လို့ ရေး ထားမှန်း မသိဘူး။ ကျွန်တော် တောင် နားမလည်ဘူး။ ငိုတယ်လို့ရေး ရင် ငိုတယ်လို့ရေး ပေါ့ဗျာ မဟုတ်ဘူးလား။ အခုလို အတွန့်တွေ တက်နေတော့ ပိုဆိုးကုန် တာပေါ့။

“ဂလောင် ... ဂလောင် ... ဂလောင်”

ခေါင်းလောင်းကြိုး ဆွဲသံကြောင့် စာအုပ်ကို ဘေးခဏချပြီး ဝရံတာသို့ ထွက်ကြည့်လိုက်တယ်။

“မောင်အာကာရေ ... ဖုန်း”

ဖုန်းဆိုင်က မိန်းမကြီးက နားနားကို လက်နဲ့ ကပ်ပြသွားပြီး အော်သွားတယ်။ ဒါ ငါးလေးဆီကပဲ ဖြစ်မယ်။ ငါးလေးက တာဝန်ဝတ္တရားမပျက် ဒီလိုရုံးဆင်းချိန်ဆိုရင် အမြဲဖုန်းဆက်နေကျ။ သူ့ ဖုန်းဆက် တိုင်းလည်း ကျွန်တော် အိမ်မှာ ရှိနေမှ။ မရှိလို့ ကတော့ ပြ: နာတက်ပြီလို့သာ မှတ်ပေတော့။

"ကို အလုပ်ကနေ အစောကြီး ပြန်ရောက်နေတာလား"

"အလုပ်ကနေ အစောကြီးပြန်ရောက်နေတာ မဟုတ်ဘူး ငါးလေးရေ ... အလုပ်ကို မရှိတော့ တာ"

"ဘယ်လို ... ဘယ်လို"

"ဟုတ်တယ် ကိုယ်စာကူးပေးနေရတဲ့ ဟိုအဘိုးကြီးလေ ဒီနေ့ မနက်တင် ရှောသွားပြီ"

"ဩော်"

ငါးလေးဘက်က အသံခဏတိတ်သွားတယ်။ ငါးလေး ဘာများ ဆက်ပြောမလဲလို့ ဖုန်းခွက်ကို နားနဲ့အတင်းဖိကပ်ထားရတယ်။ ကားသံ၊ လူသံတွေ အမြဲဆူညံနေတဲ့ ဒီလိုနေရာမျိုး မှာ ချစ်သူနဲ့ ဖုန်းပြောရတာ လည်း တကယ့်ကို ဗီလင်ငုတ်တယ်။ အေးအေးဆေးဆေး အီလို့ကို မရဘူး။

"ဘာ ရောဂါ နဲ့ ဆုံးတာတဲ့လဲ"

"အဲ"

"ကိုယ် မမေးလိုက်ဘူးကွ၊ လူကြီး ရောဂါ နဲ့ နေမှာ ပေါ့ကွာ၊ ဒီလိုအရွယ်တွေ ဆိုတာ သေဖို့က လွဲရင် တခြားဘာမှမှ မရှိတော့တာ"

"ဟာ ... ကိုကလည်း အဲလိုတော့ မပြောပါနဲ့ ကိုယ့် ..."

"ပွမ် ... ပွမ်"

လမ်းပေါ်က ကားကြီးရဲ့ ဟွန်းသံကြောင့် ငါးလေး ဘာဆက်ပြောသလဲ သဲသဲကွဲကွဲ မကြားလိုက်ရ။ စိတ်မကောင်းစရာကြီးလို့သာ ကြားလိုက်ရတယ်။ ပြီးတော့ ထုံးစံအတိုင်း ညဘက်တွေ အပြင်မထွက်ဖို့ရယ်၊ အရက်မသောက်ဖို့ရန်၊ သူငယ်ချင်းတွေ လာခေါ်လည်း မလိုက်သွားဖို့ရယ် မှာ ပြီး ဖုန်းချသွားတယ်။ ကျွန်တော် ကလည်း ငါးလေးစကားကို နားထောင်ပါတယ်။ ဖုန်းချပြီးတာနဲ့ အိမ်ပေါ် တောင် ပြန်မတက်တော့ပဲ လက်ဖက်ရည်ဆိုင် တန်းထွက်ခဲ့တယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ရပ်ကွက်ထဲက ကောင်တွေ တစ်ကောင်မှ မရောက်လာကြ သေး။ ဟုတ်သားပဲ။ ကျွန်တော် တစ်ယောက် တည်း အလုပ်မရှိတော့လို့ စောနေတာကိုး။ ကျန်တဲ့ ကောင်တွေ က အခုမှ အလုပ်ကနေ အိမ်ရောက်စပဲ ရှိဦးမယ်။ အချိန်တွေ ကို တစ်ယောက် တည်း စောင့် ရဦးမယ်။ ငါးလှော်ကိုလည်း ပြန်မတက်ချင်တော့။

လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရင်းနဲ့ ငါးလေးပြောလိုက်တဲ့ စိတ်မကောင်းစရာကြီးဆိုတာကို သတိရလာတယ်။ ဒီအဘိုးကြီးသေသွားတာကို ဘယ်လိုခံစားရပါလိမ့်။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ် ကြည့်လိုက်ဦးမှ။

စိတ်မကောင်းစရာကောင်းတာက ကျွန်တော် ရဲ့ ပုံမှန်ဝင်ငွေ စားပေါက်တစ်ခု ပျောက်သွားပြီ။ နောက်အလုပ်သစ်တစ်ခု ရှာရတော့မယ်။ အဲဒီ အလုပ်သစ်ကလည်း ဘယ်ဆီနေမှန်းမသိ။ ဒီကြားထဲ အလုပ်မရမချင်း သူငယ်ချင်းတွေ ဆီမှာ မျက်နှာချိုသွေးပြီး အကူအညီတောင်းသင့်တန် တောင်းရတော့ မယ်။ တစ်ပတ်စာ ဆန်ဆီဝယ်ပေးမယ့် ငါးလေးကို အားနာရဦးမယ်။ ဒုက္ခနည်းနည်း ရောက်မယ့် သဘောပင်။

ဝမ်းသာစရာ ကတော့ မရေး ချင်ရေး ချင်နဲ့ လိုက်ရေး ပေးနေရတဲ့ ဝဋ်ကြီးကနေ ကျွတ်သွားပြီပေါ့။ အာပုပ်နံ့ကြားမှာ လေခံ့ရှုရတဲ့ ဒုက္ခတွေ ကနေလည်း လွတ်သွားပြီပေါ့။ ဒီလိုသာဆိုရင် ဒီအဘိုးကြီး မာလကီးယားတဲ့ ကိစ္စက ကျွန်တော့် အတွက် ဝမ်းနည်းစရာလား။ ဝမ်းသာစရာလား မကွဲပြား။

သေချာတာ ကတော့ ကျွန်တော့် နှလုံးသားမှာ ဒီအဘိုးကြီးနဲ့ ပက်သက်လို့

ခံစားချက် တစ်စုံတစ်ရာ မရှိ။

အဘိုးကြီးရဲ့ အသုဘက သိပ်မဆိုးလှပါဘူး။ စည်စည်ကားကားတော့ ရှိပါတယ်။ ဂျာနယ်လစ် တချို့ လည်း ဓါတ်ပုံတွေ တဖျတ်ဖျတ်ရိုက်လို့။ သူနဲ့ သက်တူရွယ်တူစာရေး ဆရာ အဘိုးကြီးတွေ ကလဲ ကဗျာတွေ ဘာတွေ ရေး ပြီး အမှတ်တရ စာရွက်လေးတွေ ဝေကြတယ်။ မြန်မာစာပေလောကကြီးရဲ့ အစားမထိုးနိုင်တဲ့ ဆုံးရှုံးမှု ကြီးတို့ ဘာတို့ ဘာညာကွိကွတွေ ပေါ့ဗျာ။

အစတုန်း ကတော့ အသုဘကို မလာဘဲ နေလိုက်မလို့ပဲ။ ဟုတ်တယ်လေ။ ကျွန်တော် နဲ့ ဘာဆိုင်လို့တုန်း။ ဒါပေမယ့် ကျွန်တော် ဖင်ရှည်ပြီး ယူလာတဲ့ အဘိုးကြီးရဲ့ စာမူကို အဘိုးကြီး အလောင်းနဲ့အတူ ပြန်ထည့်ပေးလိုက် ချင်တယ်။ ကျွန်တော် နဲ့ အဲဒီ စာမူနဲ့ ဘာမှမဆိုင်ဘူးလေ။

အဘိုးကြီးရဲ့ နောက်ဆုံးစာမူကို အဘိုးကြီး အခေါင်းထဲကိုပဲ ရိုရိုသေသေထည့်ပေးလိုက် တယ်။ ပြီးတော့ ခန်းမထဲကနေထွက်ပြီး ဝင်ပေါက်ရှေ့မှာ မတ်တပ်ရပ်နေတုန်း ကျွန်တော့်နားကို ဟိုတစ်နေ့က အဘိုးကြီးအိမ်မှာ တွေ့လိုက်ရတဲ့ ထုတ်ဝေသူအမျိုး သမီးကြီး ရောက်လာပြီး ...

"ဒီက မောင်လေးက ကိုအာကာဆိုတာလား"

"ဟုတ်"

"မမက ဆရာကြီးရဲ့ ထုတ်ဝေသူပါ"

"ဟုတ် သိပါတယ်ခင်ဗျ"

"မောင်လေးက ဆရာကြီးရဲ့ ဝတ္ထုကို လိုက်ရေး ပေးရတာ နော်"

"ဟုတ်"

"ဆရာကြီး ဝတ္ထုကရော ဘယ်အခြေအနေရှိလဲ၊ မမဆိုလိုတာကကွာ၊ ဇာတ်သိမ်းခန်းတွေ ဘာတွေ များ ရောက်နေပြီလား"

“အာ … မရောက်သေးဘူးဗျ၊ အခုမှ နိဒါန်းပျိုး နေတုန်းပဲ ရှိသေးတာ အဝေးကြီးလိုသေးတယ်”

“ဩော်”

“အစပဲ ရှိသေးတာလား”

ထုတ်ဝေသူ မိန်းမကြီးက ဘာမှထပ်မပြောတော့။ စကားစပြတ်သွားတယ်။ တကယ်တော့ သူနဲ့ ကျွန်တော့် အရွယ်က မောင်လေးနဲ့ မမအရွယ်မဟုတ်ပါဘူး။ အမေနဲ့ သားအရွယ်၊ ကြီးဒေါ်နဲ့ တူအရွယ် လောက်ပါ။ ဒါပေမယ့် အလိုက်အထိုက်ဆိုတာ ရှိသေးတယ်မဟုတ်လား။ သူက စပြီး မောင်လေး ဆိုတော့လည်း ကိုယ့်ဘက်ကလဲ ပြန်ပြီး မမလိုက်ရတာ ပေါ့။ ဘာအပန်းကြီးတာမှတ်လို့။

“ဒါနဲ့ မောင်လေးအာကာအနေနဲ့ ဆရာကြီးရဲ့ ဝတ္ထုကို ဆက်ရေး လို့ကော မဖြစ်နိုင်ဘူးလား၊ မောင်လေးက ဆရာကြီးနဲ့ နောက်ဆုံးနေခဲ့တဲ့ သူဆိုတော့”

“ဟာ … မ ဖြစ်ဘူးဗျ လုံးဝကို မ ဖြစ်ဘူး။ ဝတ္ထုက အစပိုင်းပဲ ရှိသေးသလို ကျွန်တော် ကလည်း အဒြေိလို ဝတ္ထုမျိုး တွေ မရေး တတ်ဘူးဗျ”

ဘယ်လိုကြီးလဲဟ။ ဟိုမှာ စာရေး ဆရာရဲ့ အလောင်းတောင် ပြာမကျသေးဘူး။ ရှဲဒိုးရေး ဖို့ လာပြောနေပြီ။ အဲဒါတော့ ဘယ်လိုမှ မ ဖြစ်နိုင်။ လက်နဲ့လိုက်ကူးရေး ပေးနေရတာ တောင် ဒီလောက် ပျင်းစရာကောင်းတာကို တစ်အုပ်လုံးသာ ဆက်ရေး ရမယ်ဆိုရင်တော့ …

“အင်း … ဒီလိုဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ နှမြောစရာကြီးနော်”

ခင်ဗျား နှမြောတာ စရံငွေမဟုတ်လားလို့ ပြောလိုက်ချင်ပေမဲ့ အဲဒီ လို သွားပြောလို့လဲ ဘယ် ဖြစ်ပါ့မလဲ။ အဲဒီ အချိန်မှာ ပဲ အဘိုးကြီး အခေါင်းကို ခန်းမထဲကနေ ထုတ်လာလို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး ထုတ်ဝေသူဘွားတော် ကြီးလဲ လူအုပ်ကြားထဲ ကန့်လန့်ကန့်လန့် ပါသွားတော့တယ်။

အသုဘကနေအပြန် ကားပေါ်မှာ ကျွန်တော် မတင်မကျဖြစ်နေတဲ့ အဖြေတစ်ခုကို စဉ်းစားလို့ ရလိုက်တယ်။ အဘိုးကြီးသေလို့ ကျွန်တော့် အတွက် လွမ်းလောက်စရာ ဘာမှမရှိ။ ဝမ်းလည်း လုံးဝ မနည်းဘူး။ အနှောင်အဖွဲ့တစ်ခု လွတ်သွားသလိုပဲ ပေ့ါပါးနေတယ်။ ကျွန်တော် နဲ့ သူနဲ့ကြားက တစ်ခု တည်းသော ဆက်နွယ်မှု ဖြစ်တဲ့ ရေး လက်စစာမှုလေးလည်း အခုဆို ပြာ ဖြစ်နေလောက်ပြီ။

ဒီမှာ တင် အဘိုးကြီးနဲ့ ကျွန်တော့် ရဲ့ ဇာတ်လမ်း နိဂုံးချုပ်သွားလေပြီ။

******